မြန်မာနိုင်ငံသားများဆိုင်ရာဗုဒ္ဓဘာသာအဖွဲ့

အကြောင်းအရာ။ ။ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယအကြိမ် ဖ လတ်အစည်းအဝေးမှတ်တမ်း
ရက်စွဲ။ ။ ၁၅၊၇၊၂၀၀၈ မှ ၁၆၊၇၊၂၀၀၈ ထိ
အချိန်။ ။ နံနက် ၁၁နာရီခွဲမှ ညနေ၄နာရီအထိ
၁၅၊၇၊၂၀၀၈။ ။ အစည်းအဝေးတက်ရောက်သူများမှာ---

ဦးဇင်း ဦးနန္ဒ၊ ဦးစိုးမင်း၊ ဦးရဲ၊ ကိုကျော်သက်၊ ကိုတင်ဝင်းလှိုင်၊ ကိုအတာ၊ ကိုဆန်ရ၊ ကိုဇေယျာ၊ ကိုကျော်ထွေး၊ ကိုကျော်မင်း၊ ဒေါ်သန်းသန်း၊ မသီတာ၊ ကိုမင်းဇော်၊ကိုထူး၊ ကိုရဲတင့်အောင်၊ ကိုတိုင်သိုက်သိုန်း၊ ကိုဇော်ဝင်းတို့ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ အကြောင်းအရာများမှာ--------ဘုန်းကြီးကျောင်း ဖြစ်မြောက်ရေး အခြေအနေ၊ ဘုန်းကြီးမှ ပြောင်းရွှေ့နေထိုင်နိုင်ရေး အခြေအနေ၊ ဘဏ္ဍာငွေ စရင်းစစ်မှ စရင်းတင်ပြချက်၊ ဘဏ္ဍာငွေ ရရှိမှုအခြေအနေ၊ ဗုဒ္ဓဘာသာဝင် အဖွဲ့ဝင်စရင်း ကောက်ခံနိုင်ရန်နှင့် ဗုဒ္ဓဘာသာ အဖွဲ့၏ ဝပ်ဆိုဒ် ဖွင့်လှစ်နိုင်ရန်တို့ကို တက်ရောက်လာသူ များမှမျက်နှာဆုံညီ စည်းဝေးခဲ့ကြသည်။ နောင်ဝေးနိုင်ငံမှ ဧည့်သည်တော် ကိုဇော်ဝင်းမှလည်း နော်ဝေးနိုင်ငံ ဗုဒ္ဓဘာသာအသင်း၏ အခြေအနေများကို ပါဝင်ဆွေးနွေးခဲ့ကြသည်။

မှတ်ချက်။ ။ အတွင်းရေးမှူး ကိုဆန်ရမှ ဆွီဒင်နိုင်ငံသို့ကြွရောက်လာခဲ့သော ပီနန်းဆရာတော် ဘုရားကြီးအား မိမိတို့ဗုဒ္ဓဘာသာဝင်အဖွဲ့၏ လက်ရှိအခြေအနေများကို သွားရောက်ရှင်းလင်း တင်ပြခဲ့သည့် အကြောင်းအရာအား တင်ပြဆွေးနွေးခဲ့ ကြပါသည်။

၁၆၊၇၊၂၀၀၈။ ။ အလုပ်အမှုဆောင်အဖွဲ့ သီးခြားဆွေးနွေးပွဲ တက်ရောက်သူများမှာ----

ဦးဇင်း ဦးနန္ဒ၊ ဦးရဲ၊ ကိုကျော်သက်၊ ကိုတင်ဝင်းလှိုင်၊ ကိုအတာ၊ ကိုဆန်ရ၊ ကိုဇေယျာ၊ မသီတာ၊ ကိုကျော်မင်းတို့ တက်ရောက်ဆွေးနွေးကြပါသည်။

ဆွေနွေးပွဲ အကြောင်းအရာများနှင့် ဆုံးဖြတ်ချက်များမှာ-------

- ဗုဒ္ဓဘာသာ အဖွဲ့၏ ဝပ်ဆိုဒ်ဖွင့်လှစ်ရန် ဆွေးနွေးကြ၍ ၎င်းဝပ်ဆိုဒ်အား တာဝန်ယူ လုပ်ဆောင်ရန် - ကိုဇေယျာ၊ ကိုအတာ၊ ကိုဆန်ရနှင့် ကိုအောင်အောင်တို့အား ဆုံးဖြတ်ချက်ချခဲ့သည်။

- အမြိတန်း အလှူရှင် သို့မဟုတ် ဗုဒ္ဓဘာသာအဖွဲ့ဝင်များအကြောင်းဆွေးနွေးကြ၍ အလှူငွေအား လှူတန်းသူ၏ စိတ်စေတနာဖြင့်ထည့်ဝင်နိုင်ရန်နှင့် ၎င်းအလှူခံဖိတ်စာကို ဉက္ကဌ ကိုကျော်သက်မှ ရှင်းလင်းနားလည်လွယ်သော အလှူခံဖိတ်စာအားရေးရန်နှင့် ထိုဖိတ်စာကို ပြန်ကြားရေး တာဝန်ခံ ကိုဇေယျာမှ ဗုဒ္ဓဘာသာဝင်များအား ဖြန့်ချီပေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။
- ထပ်မံ၍ ဘုန်းကြီးပြောင်းရွှေ့နေထိုင်ရေး ကိုဆွေးနွေးခဲ့ကြရာ ဦးဇင်း၏ သဘောဆန္ဒအရ ၂၀၀၈ ဒီဇင်ဘာ နောက်ဆုံးထား၍ အတွင်းရေးမှူး ကိုဆန်ရနှင့် ဘဏ္ဍာရေး မသီတာ တို့မှ တာဝန်ယူလုပ်ဆောင်ရန် သဘောတူ ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။
- ဆက်လက်၍ ဘုန်းကြီးကျောင်းဖြစ်မြောက်ရေး ဆွေးနွေးခဲ့ရာ၌ ဒေသံသရ ဥပဒေများနှင့် ဘဏ္ဍာရေး အခက်အခဲများကြောင့် အချိန်အတိုင်းအတာတခုအထိ ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။
- ထိုနောက် သံဃာကျင့်ဝတ်နှင့် ဝတ်နီးတော်များအား သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း များနှင့် လူပတ်ဝန်းကျင်တို သိရှိနိုင်ရန် ဆွေးနွေးခဲ့ကြ၍ ၎င်းအား ဦးဇင်း ဦးနန္ဒာနှင့် အတွင်းရေးမှူး ကိုဆန်ရမှ တာဝန်ယူလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။
- နောက်ဆုံးပိတ်အနေဖြင့် သတင်းနှင့်ပြန်ကြားရေး ကိစ္စအား ဆွေးနွေးခဲ့ကြပြီး ထိုဆက်သွယ် ရန်ကိစ္စအဝဝအား သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ကိုဇေယျာမှ လုပ်ဆောင်ရမည်ဖြစ်ပြီး အကြောင်းကိစ္စများ အကြောင်းကြောင့် မအားလပ်ပါက အတွင်းရေးမှူး ကိုဆန်ရမှ တွဲဖက်လုပ်ဆောင်ရန် အစည်းအဝေး ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပါသည်။

မှတ်ချက်အနေဖြင့် တွဲဖက်တာဝန်ယူသူ အတွင်းရေးမှူးမှ ၃ ရန်အတွင်း အပြန်အလှန် ဆက်သွယ်မှု ပြုလုပ်ရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ခင်ဗျာ----- အထက်ပါ အစည်းအဝေးဆုံးဖြတ် ချက်များအတိုင်း မိမိတို့ဦးဆောင်ကော်မတီမှ မဖိုတ်မသုန် ဦးထိပ်ပံ၍ သာသနာအကျိုး ဆထက်တပိုးတိုးအောင် ထမ်းဆောင်သွားကြမည်ဟု ဂတိပြုပါသည်။ ထံမံ၍ နှိုးဆော်လိုသည်မှာ နောင်လာမည့် လပတ်အစည်းအဝေးပွဲများ ကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ အနေဖြင့်တက်ရောက် ဆွေးနွေး အကြံပေးနိုင်ရန် နှိုးဆော်လိုက်ပါသည်။

သတင်းနှင့်ပြန်ကြားရေး<br>
ကိုဇေယျာ